
မင်းမြှတ်သူရ
မြရတနာမိုး

# အခန်း (၁)

စစ်ကြိုခေတ်က ကြည့်မြင်တိုင်ကမ်းနားအနီးတွင် ခြေသည်းလက်သည်းညှပ်ခြင်း၊နာဖာက လော်ခြင်း စသည့် အလုပ်များဖြင့်အသက်မွေးဝမ်းကျောင်းပြုသော ဆင်းရဲသားလူငယ်လေးများရှိ၏ ။

ထိုလူငယ်လေးများသည် ဆိပ်ကမ်းတစ်လျှောက်တွင် စီတန်း၍ ခွေးခြေနှင့်ကိရိယာတန်ဆာပ လာများထည့်ထားသော လင်ဗန်းကိုယ်စီကိုင်ကာ ခြေသည်း၊လက်သည်းညှပ်မည့် ဖောက်သည်ကို စောင့်မျှော်နေကြ၏ ။

၎င်းတို့၏ ဖောက်သည်အများစုမှာ ရန်ကုန်မြို့တွင်းရှိ လူကုံထံအချို့နှင့် မြစ်ဝကျွန်းပေါ်ဘက်မှ လာသော ကုန်သည်ပွဲစားများဖြစ်ကြ၏ ။

တစ်နေ့သ၌ ထိုနေရာသို့ လန်ချားတစ်စီး ဆိုက်ရောက်လာပြီးလန်ချားပေါ်မှ သက္ကလတ်ဘောင်းဘီနှင့် ကုတ်အကျ……. ဝတ်ဆင်ထားသော လူကြီးတစ်ဦးဆင်းလာ၏ ။

လူကြီးက ရှေ့ဆုံးတွင်ထိုင်နေသော လူငယ်ရှိရာသို့ လျှောက်လှမ်းသွားပြီး

“ ခြေသည်းလက်သည်းညှပ်မယ်ဟေ့၊ ငါ့ရဲ့ခြေသည်းတွေက ကိုယ့်ဘာသာညှပ်လို့မရဘူး၊ မကြာခဏ ခြေစွယ်ငုတ်တတ်တယ်၊ မင်းတို့ညှပ်မှရမယ် ”

ဟု ပြောလေရာ ရှေ့ဆုံးတွင်ထိုင်နေသော လူငယ်က ရှိသေသော အမူအရာဖြင့်

“ ရပါတယ် ဦးလေး၊ စိတ်တိုင်းကျဖြစ်စေရပ့ါမယ်၊ ကျွန်တော့်ဆီမှာ ညှပ်လို့ကတော့ ဦးလေး တစ်သက်လုံး ခြေစွယ်မငုတ်စေရပါဘူး၊ ဟောဒီမှာထိုင်ပါ ”

ဟု ဆိုကာ လူကြီးထိုင်ရန် ခွေးခြေပုလေးကို ထိုးပေးလေ၏ ။

လူငယ်သည် သူ၏ ကိရိယာတန်ဆာပလာများ ထည့်ထားသော လင်ဗန်းကို အနီးသို့ယူဆောင်လာပြီး လူကြီးဖတ်ရန် သူရိယသတင်းစာကို ရိုသေသောအမူအရာဖြင့် ကမ်းပေးလိုက်ကာ

“ ဟောဒီမှာ သူရိယသတင်းစာဖတ်ပါ ဦးလေး၊ သတင်းဦးသတင်းထူးတွေ ပါပါတယ် ”

ဟု ပြောလေ၏ ။

ထိုအခါ လူကြီးသည် ခွေးခြေပေါ်တွင် ခြေဆင်းထိုင်၍ သူရိယသတင်းစာကို ဇိမ်ကျကျဖတ် လေတော့၏ ။

လူငယ်လေးသည် ငွေရောင်တောက်ပြောင်နေသော လင်ဗန်းထဲမှ ဓားနှင့်ကတ်ကြေးကိုထုတ်၍ ခြေသည်းညှပ်သောအလုပ်ကို စတင်လုပ်ကိုင်လေ၏ ။

လူငယ်သည် ခြေသည်းများကို စနစ်တကျညှပ်ပြီးသောအခါ ကတ်ကြေးကို ငွေလင်ဗန်းထဲသို့ရို သေစွာ ပြန်ထည့်၏ ။

ထိုအခိုက်မှာပင် အနက်ရောင် အော်စတင်ကားတစ်စီး ထိုးရပ်လိုက်ပြီး ကားပေါ်မှ မိုက်ကန်း ကန်းအမူအရာရှိသော လူတစ်စုဆင်းလာ၏ ။

ထိုသူများ၏ လက်ထဲတွင် တုတ်နှင့်ဓါးများကို ကိုင်ဆောင်ထားပြီး မိမိတို့ရှိရာသို့ ဦးတည် လျှောက်လှမ်းလာသဖြင့် လူငယ်လေးက သတင်းစာဖတ်နေသောလူကြီးကို လက်ဖြင့်တို့၍

“ ဦးလေး၊ ဟိုလူကြီးတွေ လက်ထဲမှာ တုတ်တွေ၊ ဓါးတွေနဲ့ကျုပ်တို့ဆီလာနေတယ် ”

ဟု ပြောလိုက်လေ၏။

ထိုအခါ သတင်းစာဖတ်နေသော လူကြီးသည် သတင်းစာကို အောက်သို့လွှင့်ချလိုက်ပြီး အန္တရာယ်၏ အငွေ့အသက်ကို မြင်ယောင်ဟန်ဖြင့် မျက်နှာကွက်ခနဲပျက်သွားလေ၏။

ရှေ့ဆုံးမှရောက်လာသော လူမိုက်သည် ကျားခနဲအော်ဟစ်ကာလက်ထဲမှ ဓါးရှည်ဖြင့် လူကြီး အားခုတ်ပိုင်းလိုက်၏။ လူကြီးသည် ခြေသည်းညှပ်နေရာမှ လျှင်မြန်စွာထ၍ ရှောင်တိမ်းလိုက်ပြီး လူ မိုက်၏ ဝမ်းဗိုက်သို့ ပြင်းထန်သော လက်သီးဖြင့် အားကုန်ထိုးလိုက်လေ၏။

လူမိုက်လဲကျသွားသောအခါ ခြေသည်းလက်သည်းညှပ်သော လူငယ်အချို့သည် အထိတ်တ လန့် အော်ဟစ်၍ ထိုနေရာမှ ထွက်ပြေးသွားကြလေ၏ ။

လူမိုက်တစ်ဦး လဲကျသွားသော်လည်း ကျန်သော တုတ်၊ ဓါးလက်နက်ကိုင် လူမိုက်များသည် လူကြီးအား ဝိုင်းဝန်းတိုက်ခိုက်ကြလေ၏။

သူရသတ္တိကောင်းဟန်ရှိသော လူကြီးသည် ခွေးခြေနှစ်လုံးကိုဆုပ်ကိုင်၍ လူမိုက်များကို တစ် ကိုယ်တည်း ခုခံလေ၏။

လူကြီးသည် လူမိုက်၏ တုတ်ချက်ကို ခွေးခြေဖြင့် ခုခံ၍ ထိုသူ၏ ခေါင်းအား ခွေးခြေဖြင့် လွှဲရိုက် လိုက်၏။

သို့သော် အနောက်မှ တိတ်တဆိတ်ဝင်၍ တိုက်ခိုက်သောလူမိုက်၏ တုတ်ရှည်သည် လူကြီး၏ ကျောကုန်းအား ထိမှန်သွားသဖြင့် လူကြီး ယိမ်းယိုင်သွားလေ၏။

လူမိုက်များသည် ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ လူကြီးအား အပြင်းအထန် ဝိုင်းဝန်းရိုက် နှက်ရန် ကြိုးစားလေ၏။

ထိုအချိန်တွင် လူကြီးအား ခြေသည်း၊ လက်သည်းညှပ်ပေးသော လူငယ်လေးသည် အခြား သော လူငယ်များနှင့်အတူမပြေးဘဲ မနီးမဝေးရှိ ညောင်ပင်ကြီးအောက်တွင် ရှိနေလေ၏။

လူငယ်သည် သူ၏ ဖောက်သည်လူကြီး အရေးနိမ့်သွားသဖြင့် မြေပေါ်တွင်ကျနေသော တုတ် ရှည်ကို ကောက်ယူကာ လူမိုက်များအား ဝင်ရောက်ရိုက်နှက်လေ၏။

လူငယ်တစ်ဦးက နောက်မှနေ၍ ရုတ်တရက် ဝင်ရောက်တိုက်ခိုက်သောကြောင့် လူမိုက်များ ကြောင်အမ်းအမ်းဖြစ်သွားလေ၏။

လူကြီးသည် ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ မြေပေါ်တွင်ကျနေသော ဓါးရှည်ကိုကောက် ကိုင်၍ လူမိုက်များအား ပြန်လည်ခုခံလေ၏။

ထိုအခိုက်မှာပင် ဆိပ်ကမ်းရှိ ကူလီများသည် ရန်ပွဲဖြစ်ရာသို့အပြေးအလွှားရောက်ရှိလာ၏။ လူ မိုက်များသည် လူစုလူဝေးကြီးကိုကြည့်၍ အခြေအနေမဟန်မှန်းသိသဖြင့်

“ ပြန်ဆုတ်ကြဟေ့ ”

ဟု အော်ဟစ်ကာ အော်စတင်ကားပေါ်သို့ ပြန်တက်၍ ထိုနေရာမှ ကမူးရှူးတိုး ထွက်ခွာသွား ကြလေ၏။

လူကြီးသည် ဦးခေါင်းနှင့်ကျောကုန်းတွင် ဒဏ်ရာများရရှိထားသဖြင့် လူမိုက်များ၏ ကား အဝေး သို့ရောက်ရှိသွားသောအခါ မရပ်နိုင်တော့ဘဲ မြေပေါ်သို့ ပြိုလဲကျသွားလေ၏။

ခြေသည်းညှပ်သော လူငယ်က လူကြီးကို ပြေးပွေ့လိုက်ရင် ဦးခေါင်းရှိ သွေးထွက်နေသော ဒဏ်ရာကိုမြင်တွေ့သွားပြီး စိုးရိမ်ဟန်ဖြင့်

“ ဒဏ်ရာရထားတယ်ဗျို့၊ အမြန်ဆုံး ဆေးရုံကိုပို့မှဖြစ်မယ်၊ ကူညီကြပါဦး ”

ဟု အော်ဟစ်လိုက်လေ၏ ။

လူငယ်၏ စကားအဆုံးတွင် အနီးသို့ ပုလိပ်များရောက်ရှိလာပြီး လူကြီးအား ဆေးရုံသို့ပို့ရန် စီစဉ်ကြလေ၏ ။

လူကြီးသည် ပုလိပ်များ၏ အကူအညီဖြင့် မြင်းလှည်းပေါ်သို့ရောက်သွားသောအခါ မျက်လုံးများ ကို မှိတ်ထားရာမှ ဖွင့်ကြည့်လိုက်ပြီး လူငယ်လေးအား ကြည့်ကာ

“ ကျေးဇူးပဲဟေ့၊ မင်းနဲ့ငါနောက်တစ်ကြိမ် ဆုံတွေ့ရဦးမယ် ”

ဟု ပြောကာ မြင်းလှည်းပေါ်သို့ ပါသွားလေ၏ ။

လူငယ်သည် ဆိပ်ကမ်းရှိ ကူလီများ တစ်ယောက်တစ်ပေါက်ဝိုင်းဝန်းမေးမြန်းသော မေးခွန်းများ ကိုဖြေဆိုပြီး ကျန်ရစ်ခဲ့လေတော့၏ ။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး တစ်ပတ်ခန့်ကြာသောအခါ လူငယ်သည် တစ်နေကုန် ခြေသည်းလက်သည်းညှပ်၍ ရရှိသော ငွေစကြေးစလေးများကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်၍ ရန်ကုန် မြို့ထဲသို့ လျှောက်ခဲ့လေ၏ ။

တစ်နေရာသို့ရောက်သောအခါ ကိတ်မုန့်ဆိုင်ကြီးတစ်ဆိုင်ကို မြင်တွေ့ရလေ၏ ။

ထိုဆိုင်၌ လှပသော ကိတ်မုန့်များကို ဗန်းထဲတွင်ထည့်၍ ပြသထားလေရာ လူငယ်လေးသည် ကိတ်မုန့် တစ်မျိုးပြီးတစ်မျိုးလိုက်လံကြည့်ရှု၍ ဈေးနှုန်းများကိုဖတ်ကာ မျက်လုံးပြူးသွားလေ၏ ။

ထို့နောက် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းခါယမ်းလိုက်ပြီး

“ ကိတ်မုန့်တွေရဲ့ ဈေးကလည်း ကြီးလိုက်တာ၊ ငါ့မှာရှိတာက ငွေလေးတစ်ကျပ်နဲ့ ဘယ်လို ကိတ်မုန့်မျိုးကို ဝယ်လို့ရမှာလဲ ”

ဟု ညည်းညူရင်း ကိတ်မုန့်ဆိုင်ထဲသို့ မဝံ့မရဲ ဝင်ရောက်သွားလေ၏ ။

ထို့နောက် မုန့်စားပွဲနောက်တွင် ရပ်နေသော ဂျူးအဖိုးကြီးရှိရာသို့ လျှောက်လှမ်းသွားပြီး

“ ကျုပ်မှာ ငွေ(၁) ကျပ်ရှိတယ်၊ (၁)ကျပ်တန် ကိတ်မုန့်ရှိသလား ”

ဟု ပြောလိုက်ရာ ဂျူးအဖိုးကြီးက မျက်နှာရှုံ့မဲ့၍

“ ကောင်လေး လာနောက်နေတာလား၊ (၁)ကျပ်တန်ကိတ်မုန့် ဘယ်မှာရှိမှာလဲ၊ သွား...သွား... ဆိုင်ထဲက ထွက်သွားစမ်း ”

ဟု မောင်းထုတ်လိုက်လေ၏ ။

လူငယ်လေးသည် ဂျူးအဘိုးကြီး၏ ကိတ်မုန့်ဆိုင်ထဲမှ စိတ်ပျက်လက်ပျက် ထွက်လာပြီး ဆိုင် နှင့် မလှမ်းမကမ်းရှိ ပလက်ဖောင်း၌ ထိုင်ကာ အိမ်၌ ကျန်ခဲ့သော ညီမလေး၏ စကားများကို ကြားယောင် လာလေ၏ ။

“ အစ်ကို ဒီနေ့ ညီမလေးရဲ့မွေးနေ့နော်၊ ညီမလေးရဲ့မွေးနေ့မှာ ညီမလေး အလုပ်သွားလုပ်တဲ့ သူဌေးအိမ်ကလူတွေလို ကိတ်မုန့်ကြီးကို ဓါးနဲ့ခွဲပြီး စားချင်လိုက်တာ ”

လူငယ်သည် ညီမဖြစ်သူ၏ စကားကို ကြားယောင်လာပြီး အလွန်စိတ်မကောင်းဖြစ်သွားကာ

“ ငါ့ညီမလေးက အလွန်လိမ္မာတယ်၊ သူဟာ ဘယ်တော့မှ အစ်ကိုဖြစ်သူကို ပူဆာတာမရှိဘူး၊ အခုတော့ သူ့ရဲ့မွေးနေ့မှာ လူကုံထံတွေလို ကိတ်ကို ဓါးနဲ့ခွဲပြီး စားချင်ရှာလွန်းလို့ ငါ့ကိုပူဆာခဲ့တာပဲ၊ ငါကလည်း ညီမလေး

မွေးနေ့အတွက် ကိတ်မုန့်တစ်လုံးတောင် မဝယ်နိုင်ပါလား၊ ငါသိသလောက် တော့ ကိတ်မုန့်က ဂျုံနဲ့လုပ်တာပဲ၊ ဘာဖြစ်လို့ ဒီလောက်တောင် ဈေးကြီးရတာ လဲ၊ ငါ့တစ်သက်မှာ ကိတ်မုန့်တောင် တစ်ခါမှမစားဖူးဘူး၊ ပေါင်မုန့်ပဲစားဖူးတယ်၊ ကိတ်မုန့်နဲ့ပေါင်မုန့် ဘယ်ဟာက အရသာ ပိုပြီးတော့ ထူးသလဲမသိဘူး ”

ဟု ရေရွတ်နေလေ၏ ။

ထိုအခိုက်မှာပင် ကိတ်မုန့်ဆိုင်ရှင်လူကြီးသည် သူ၏ ဆိုင်ထဲမှထွက်ပြီး တစ်ဖက်ရှိ အပေါင်ဆိုင် ရှင် တရုတ်ကြီးထံသို့ သတင်းစာဌားရန် ထွက်ခွာသွားလေ၏ ။

လူငယ်လေးသည် ကိတ်မုန့်ဆိုင်ထဲတွင် လူကြီးမရှိတော့သဖြင့် ညီမလေးအား ကိတ်မုန့်စားလို သောကြောင့် စိတ်မိုက်စိတ်ရိုင်းများဝင်လာ၏ ။

“ ဆိုင်ထဲမှာ လူကြီးမရှိတော့ဘူး၊ ဒီအချိန်မျိုးမှာ ညီမလေးစားဖို့ ကိတ်မုန့်တစ်လုံးဝင်ယူပြီး ငါ့ မှာရှိတဲ့ ပိုက်ဆံတစ်ကျပ်ကို ထားခဲ့ရင် ကောင်းမယ် ”

ဟု တွေးကာ ဂျူးအဘိုးကြီး၏ ကိတ်မုန့်ဆိုင်ထဲသို့ တိတ်တဆိတ် ဝင်ရောက်သွားလေ၏ ။

ထို့နောက် မှန်ဗီရိုကိုဖွင့်၍ အရွယ်တော် ကိတ်မုန့်တစ်လုံးကိုယူကာ အိတ်ထဲရှိ ပိုက်ဆံတစ် ကျပ်ကို စားပွဲခုံပေါ်သို့ တင်ထားလိုက်ပြီး ထိုနေရာမှ ကမန်းကတန်း ပြန်ထွက်ရန် ကြိုးစားလေ၏ ။

ထိုအခိုက်မှာပင် ဆိုင်ပေါက်ဝသို့ ဂျူးအဘိုးကြီးပြန်ရောက်လာပြီး ဆိုင်ထဲမှ ကိတ်မုန့်ပိုက်၍ ထွက်လာသော လူငယ်ကိုမြင်လျှင်

“ သူခိုး သူခိုး ”

ဟု အော်ဟစ်ပြီး ဖမ်းဆီးရန် ကြိုးပမ်းလေ၏ ။

လူငယ်သည် ဂျူးအဘိုးကြီး ပြန်ရောက်လာသောအခါ

အလွန်ထိတ်လန့်တုန်လှုပ်သွားပြီး အ ဘိုးကြီးလက်မှရှောင်တိမ်းပြီး ကမန်းကတန်း ထွက်ပြေးလေ၏။

ဂျူးအဘိုးကြီးက ကျယ်လောင်စူးရှသောအသံဖြင့်

" သူခိုး၊ သူခိုး၊ ကိတ်မုန့်ခိုးသွားတယ်၊ သူခိုး သူခိုး "

ဟု အော်ဟစ်လေ၏။

ထိုအခါ အနီးတဝိုက်ရှိ လန်ချားဂိတ်မှလူများသည် လူငယ်လေးအား ဝိုင်းဝန်း၍ ဖမ်းဆီးကြလေ ၏။ လူငယ်လေးသည်

" ကျုပ်ကိုလွှတ်ပါ၊ ကျုပ်ကိုလွှတ်ပါ "

ဟု တောင်းပန်သော်လည်း လန်ချားသမားများက ဂျူးအဘိုးကြီးအား မျက်နှာလိုမျက်နှာရလုပ် ရန် လူငယ်အားမလွှတ်ဘဲ ချုပ်ကိုင်ထားလေ၏။

လူငယ်ယူလာသော ကိတ်မုန့်ကလေးမှာ မြေပေါ်သို့ကျ၍ ပျက်စီးသွားလေတော့၏။

ဂျူးအဘိုးကြီးသည် အလွန်ကပ်စေးနည်းသူဖြစ်သဖြင့် မြေပေါ်သို့ ကျသွားသော ကိတ်မုန့်ကို ကြည့်၍ မျက်နှာရှုံ့မဲ့သွားပြီး

" ခွေးကောင်လေး၊ သူခိုးလေး "

ဟု ဆိုကာ လူငယ်၏ မျက်နှာအား လက်ဝါးဖြင့် ဘယ်ပြန်ညာပြန် ရိုက်ထည့်လိုက်လေ၏။

လူငယ်လေးသည် ဂျူးအဘိုးကြီး၏ ရိုက်ချက်ကြောင့် မြေပေါ်သို့ လဲကျသွားပြီး နှုတ်ခမ်းမှထွက်လာသောသွေးကို လက်ခုံဖြင့်သုတ်၍

" ကျုပ်ကိုခွင့်လွှတ်ပါ အန်ကယ်ကြီးရယ်၊ ကျုပ်ညီမလေးမွေးနေ့မှာ ကိတ်မုန့်စားချင်တယ်လို့ ပူဆာလွန်းတဲ့အတွက် အခုလိုအလုပ်မျိုး လုပ်ရတာ ပါ၊

ကျုပ်ပိုင်တဲ့ ပိုက်ဆံတစ်ကျပ်ကို စားပွဲပေါ်မှာ တင်ထားခဲ့ပါတယ် ”

ဟု တောင်းပန်လေရာ ဂျူးအဘိုးကြီးက လူငယ်လေးအား ဒေါသတကြီးဖြင့်

“ ငါ့ရဲ့ကိတ်မုန့်က တစ်ကျပ်မက တန်တယ်ကွ သိရဲ့လား ”

ဟု အော်ဟစ်ကြိမ်းမောင်းကာ လူငယ်လေးအား ခြေဖြင့်တစ်ချက်ပြီးတစ်ချက် စောင့်ကန်လေ၏ ။

လူငယ်လေးသည် မိမိ၌ အပြစ်ရှိသဖြင့် ဂျူးအဘိုးကြီး၏ ရိုက်နှက်မှုများကို မခုခံဘဲ အံကိုကြိတ် ၍ ခံနေလေ၏ ။

ဂျူးအဘိုးကြီးသည် လူငယ်အား အားရအောင် ကန်ကျောက်ပြီး ထွက်ခွာသွားလေ၏ ။ လူငယ်သည် ရင်ဘတ်နှင့် နံရိုးများတွင်နာကျင်နေပြီး နှုတ်ခမ်းမှသွေးများလည်း ယိုစီးကျနေလေ၏ ။

လူငယ်လေးသည် ဒယီးဒယိုင်ဖြင့် ၎င်းနေထိုင်ရာ ခြောက်ထပ်ကြီး ဘုရားအနီးရှိ တဲအိမ်စုလေး များရှိရာသို့ ပြန်ခဲ့လေ၏ ။

လူငယ်သည် နာကျင်မှုကြောင့် ဖြည်းညင်းစွာ လျှောက်လှမ်းရင်း ပြန်ခဲ့လေ၏ ။

ခြောက်ထပ်ကြီးဘုရားအနီးသို့ရောက်သောအခါ ညမှောင်ရိပ်သန်းစပြုနေပြီး တဲအိမ်ကလေး များ၌ မှန်အိမ်များပင် ထွန်းညှိထားကြ၏ ။

လူငယ်သည် တဲအိမ်စုလေးများကို ကျော်ဖြတ်၍ တောင်ကုန်းပေါ်တွင် တစ်လုံးတည်းရှိသော ၎င်း၏ တဲအိမ်ရှိရာသို့ တက်ခဲ့ပြန်၏ ။

တဲအိမ်ငယ်လေး၌ မီးအိမ်နီကလေး ထွန်းလင်းနေသဖြင့် သူ၏ ညီမလေး စောင့်မျှော်နေ ကြောင်း ရိပ်စားမိလိုက်၏ ။

ညီမလေးက သူ၏ မွေးနေ့တွင် လူကိုထံများကဲ့သို့ ကိတ်မုန့်စားချင်သည်ဟု တဆာဆာ ပူဆာခဲ့၏။

ယခု ညီမလေးအတွက် မွေးနေ့ကိတ်ကို မယူဆောင်နိုင်သည့်အတွက် များစွာဂမ်းနည်းကြေကွဲ

မိ၏။ ညီမလေးခမျာ တဲအိမ်ကလေး၌ အထီးကျန်စွာ မိမိကို စောင့်မျှော်နေရှာလိမ့်မည်။

လူငယ်သည် ညီမလေးနှင့်တွေ့ရမှာကို စိုးရွံ့သလိုဖြစ်နေပြီး လေးကန်သော ခြေလှမ်းများဖြင့် တဲဆီသို့ လျှောက်လှမ်းခဲ့လေ၏။

လူငယ်သည် တဲအိမ်ကလေးအနီးသို့ရောက်သောအခါ သူ၏ တဲအိမ်ကလေးသည် ယခင်ည များထက် ပို၍ အလင်းရောင်များထွက်နေကြောင်း သတိပြုမိ၏။

ညီမလေးတစ်ယောက် သူ၏ မွေးနေ့အတွက် မျှော်လင့်ကြီးစွာဖြင့် မီးရောင်စုံများ ထွန်းညှိထားပုံ ရ၏။

လူငယ်သည် လေးကန်သောခြေလှမ်းများဖြင့် တဲအိမ်ကလေးအတွင်းသို့ဝင်လိုက်၏။

ထိုအခါ တဲအိမ်ထဲတွင် မြင်ရသော မြင်ကွင်းကြောင့် မိမိမျက်လုံးကိုပင် မယုံနိုင်အောင်ဖြစ်သွား မိ၏။ တဲအိမ်ထဲတွင် မီးရောင်စုံများ လင်းလက်နေပြီး ညီမလေးနှင့်အတူ လူအချို့ကိုတွေ့ရ၏။

လူငယ်သည် စားပွဲခုံပေါ်တွင် တင်ထားသော မွေးနေ့ကိတ်တစ်လုံးကိုပါ မြင်တွေ့ရသဖြင့် အ လွန်အံ့ဩသွားလေ၏။

ညီမလေးသည် မွေးနေ့ကိတ်ရှေ့တွင် လှပသော အဖြူရောင်ဂါဝန်ကို ဝတ်ဆင်ပြီး အလွန်ပျော် ရွှင်နေသော အမူအရာရှိ၏။

လူငယ်သည် ညီမလေးနှင့် ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသော လူများကို တအံ့တသြ ကြည့်ရှုနေလေ၏။

ထိုအခိုက်မှာပင် လူတစ်ဦးက သူ၏ ပခုံးကိုပုတ်၍

" အံ့သြနေလား သြဘာ၊ မင်း သိပ်ပင်ပန်းနေပြီ၊ ရေမိုးချိုးပြီး ဟောဒီက အဝတ်အစားအသစ် တွေကို ဝတ်လိုက်ပါကွာ "

ဟု ဆိုသဖြင့် လူငယ်သည် ထိုလူကိုကြည့်လိုက်ရာ လွန်ခဲ့သောအပတ်က မိမိထံတွင် လာ ရောက်ပြီး ခြေသည်းလက်သည်းညှပ်ပြီး လူဆိုးများ၏ တိုက်ခိုက်ခြင်းခံရသောလူကြီးကို အံ့သြဖွယ် မြင်တွေ့ရ၏။

လူငယ်က လူကြီးကိုကြည့်၍

" ဟင်... ဦးလေးက ကျုပ်ရဲ့တဲကိုရောက်နေတယ်ဟုတ်လား၊ဦးလေး နေကောင်းသွားပြီလား၊ ဒဏ်ရာတွေလည်း ပျောက်သွားပြီလား "

ဟု မေးမြန်းလေရာ လူကြီးက တဟားဟား ရယ်မော၍

" ငါ့ဒဏ်ရာတွေက အသေးအမွှားပါကွာ၊ ဘာပဲဖြစ်ဖြစ် အဲ့ဒီနေ့က မင်းဟာ လူငယ်တစ်ယောက်ဖြစ်ပေမဲ့ ငါ့ဘက်ကအရဲစွန့်ပြီး ကူညီပေးခဲ့တယ်၊ မင်းရဲ့ကျေးဇူးကြောင့် လူဆိုးတွေရဲ့လက်မှာ ငါ အသက်မဆုံးရတာ ကွ၊ ဒါကြောင့် မင်းကို ကျေးဇူးဆပ်ချင်လွန်းလို့ မင်းညီမလေးရဲ့မွေးနေ့မှာ မွေးနေ့ကိတ်ယူလာပြီး ငါ့တပည့်တွေနဲ့အတူ ပျော်ပျော်ကြီး လာဆင်နွဲတာကွ၊ မင်းရေမိုးချိုးပြီးရင် အဝတ်အစားသစ်တွေကိုလဲလိုက်၊ ပြီးရင် ငါတို့ယူလာတဲ့ ထောပတ်ထမင်းနဲ့ကြက်သားဟင်းကို အားရ ပါးရစားကြမယ် "

ဟု ပြောလေ၏။

သြဘာသည် လူကြီး၏ အပြုအမူကို နားမလည်နိုင်ဘဲ ရေချိုးရန် ရေတွင်းရှိရာသို့ ထွက်ခွာသွားလေ၏။

ရေချိုးပြီးနောက် လူကြီးပေးသော အဝတ်အစားအသစ်များကို ဝတ်ဆင်ရလေ၏ ။

သြဘာ တဲဆီသို့ ပြည်လည်ရောက်ရှိလာသောအခါ တဲအတွင်း၌ ညီမလေးနှင့် လူကြီး၏ တ ပည့်များ အလွန်ပျော်ရွှင်နေကြောင်းတွေ့ရ၏ ။

တဲအတွင်းရှိ ထင်းရှုးသစ်သားခုံပေါ်တွင် ထမင်းဟင်းများကိုလည်း ပြင်ဆင်ထားကြောင်း တွေ့ ရ၏ ။

သြဘာက လူကြီးအနီးသို့သွား၍ နားမလည်ဟန်ဖြင့်

" ဦးလေးက ကျုပ်ရဲ့တဲကို ဘယ်လိုရောက်လာတာလဲ၊ ဒီနေ့က ညီမလေးမွေးနေ့ကို ဦးလေးက ဘယ်လိုသိတာလဲ "

ဟု မေးမြန်းလေ၏ ।

ထိုအခါ လူကြီးက

" ငါ ဒီနေ့ညနေက လန်ချားနဲ့ မြို့ထဲမှာသွားရင်း ဂျူးအဘိုးကြီး ရိုက်နှက်ခံရတဲ့ မင်းရဲ့သနားစ ရာအဖြစ်ဆိုးကို မြင်တွေ့ခဲ့ရတယ်၊ ဒါကြောင့် မင်းရဲ့ညီမလေးမွေးနေ့ကို ငါတတ်နိုင်သလောက် ကူညီဖို့ ကြိုးစားခဲ့တာပဲ "

ဟု ပြောလေရာ လူငယ်က လူကြီး၏ အပြုအမူကို သဘောပေါက်သွားပြီး

" ကျေးဇူးတင်လိုက်တာ ဦးလေးရယ်၊ ညီမလေးက သူ့မွေးနေ့အတွက် ကျုပ်ကို ကိတ်မုန့်တစ် လုံးပူဆာနေတာဗျ၊ ညီမလေးရဲ့ဆန္ဒကို မဖြည့်ဆည်းပေးနိုင်တဲ့အတွက် ကျုပ်စိတ်မကောင်းဖြစ်နေ တာ၊ ဦးလေးက ကူညီလိုက်တော့ ညီမလေးရဲ့ဆန္ဒ ပြည့်သွားပြီပေါ့ "

ဟု ပြောလေ၏ ။ ထိုအခါ လူကြီးက

" ကဲ... ငါတို့ပျော်ပျော်ပါးပါး မင်းရဲ့ညီမလေးမွေးနေ့ကို

ဆင်နွှဲကြရအောင် ”

ဟု ပြောကာ သြဘာတို့သည် ညီမလေးအတွက် မွေးနေ့ဆုတောင်းသီချင်းကို ပျော်ရွှင်စွာ သီ ဆိုကြ၏။

ထို့နောက် မွေးနေ့ကိတ်ပေါ်တွင် ထွန်းထားသော ဖယောင်းတိုင်ကို မီးမှုတ်လိုက်ပြီး မွေးနေ့ ကိတ်အား ခါးဖြင့်ခွဲ၍ ဝေခြမ်းစားသောက်ကြလေ၏။

ထိုညက သြဘာနှင့် ညီမလေးသည် အလွန်ပျော်ရွှင်ကြည်နူးခဲ့ရ၏။ လူကြီးနှင့်တပည့်များသည် ညအတော်နက်သောအခါမှပင် သြဘာ၏ တဲကလေးမှ ထွက်သွားကြလေ၏။

လူကြီးက ပြန်ခါနီး တွင် သြဘာ၏ ပခုံးကိုပုတ်၍

“ မင်း အကူအညီလိုတဲ့အခါ ဦးလေးဆီကို အချိန်မရွေးထွက်လာခဲ့ပါ၊ ဦးလေးရဲ့အိမ်လိပ်စာကို ပေးခဲ့မယ် ”

ဟု ဆိုကာ သြဘာအား ဗဟန်း ကြားတောရလမ်းရှိ အိမ်လိပ်စာတစ်ခုကို ပေးလေ၏။

သြဘာနှင့်ညီမလေးသည် လရောင်အောက်တွင် မှိန်ပျပျမြင်ရသော ရထားလုံးကို မျက်စိတစ်ဆုံးကြည့်၍ ကျန်ရစ်ခဲ့လေ၏။

နောက်တစ်နေ့သို့ရောက်သောအခါ သြဘာသည် ထုံးစံအတိုင်း ညီမလေးကို လက်ဆွဲကာအဘညိုတို့လင်မယားရှိရာ တဲအိမ်စုဘက်သို့ ထွက်ခဲ့လေ၏။

တဲအိမ်စုဘက်ရှိ ခြံတစ်ခြံရှေ့သို့ရောက်သောအခါ အဘညိုတို့လင်မယားလက်သို့ ညီမလေး ကိုအပ်ကာ ကြည့်မြင်တိုင်ဆိပ်ကမ်းဘက်သို့ ထွက်ခဲ့လေ၏။

အဘညိုတို့လင်မယားသည် ညီမလေးအား သမီးရင်းကဲ့သို့

ချစ်ခင်တွယ်တာနေသဖြင့် သြဘာ မရှိခိုက် ကျွေးမွေးပြုစုထားတတ်၏။

သြဘာသည် ကြည့်မြင်တိုင်ဆိပ်ကမ်း၌ တစ်နေကုန်
လက်သည်းညှပ်သောအလုပ်ကို လုပ်ကိုင်ပြီး ပိုက်ဆံရှာဖွေလေ၏။

ထို့နောက် ညီမလေး စားသောက်ရန် ခေါက်ဆွဲထုပ်ကို ဝယ်ယူပြီး
ခြောက်ထပ်ကြီးဘုရားဘက် သို့ ပြန်ခဲ့၏။

သြဘာသည် ခေါက်ဆွဲထုပ်ကလေးကိုကိုင်၍ တောင်ကုန်းပေါ်သို့
တရွေ့ရွေ့ လျှောက် လှမ်းခဲ့၏။

ထိုအခိုက်မှာပင် တောင်ကုန်းပေါ်မှ
မီးဟုန်းဟုန်းတောက်လောင်နေသောအရာကို မြင်တွေ့ရသဖြင့် အထိတ်တလန့်
ကြည့်လိုက်ရာ သူ၏ တဲအိမ်ကလေးဖြစ်ကြောင်း မြင်တွေ့လိုက်ရ၏။

သြဘာသည် သူ၏ ညီမလေးအတွက် အလွန်စိုးရိမ်သွားပြီး
တောင်ပေါ်သို့ ခြေကုန်သုတ်၍ ပြေး တက်ခဲ့၏။ တောင်ပေါ်သို့ရောက်သောအခါ
သူ၏ တဲအိမ်ကလေးသည် မီးဟုန်းဟုန်းတောက်လောင် နေလေ၏။

သြဘာသည် အလွန်ထိတ်လန့်တုန်လှုပ်ပြီး မီးလောင်နေသော
တဲအိမ်ကလေးဘေးတွင်ရပ်၍

" ညီမလေး... ညီမလေး "

ဟု အော်ဟစ်နေလေ၏။

သူသည် တဲအိမ်တွင်း၌ ညီမလေး ပိတ်မိနေမှာကို အလွန်စိုးရိမ်နေမိ၏။
ထိုအခိုက်မှာပင် သူ၏ ညီမလေးကို မြင်တွေ့လိုက်ရသဖြင့်
အလွန်စိတ်ချမ်းသာသွားလေ၏။

သြဘာက ညီမလေးကို ချီပွေ့လိုက်ပြီး

" အမလေး စိုးရိမ်လိုက်ရတာ ညီမလေးရယ်၊ ညီမလေးမီးထဲပါသွားပြီ

အောက်မေ့လို၊ အစ်ကို သိပ်စိုးရိမ်နေတာ ”

ဟု ပြောလေ၏ ။

ထိုအခါ အဘညိုက

“ အရင်နေ့တွေကဆိုရင် တဲအိမ်လေးကိုပြန်ပြီး မြေးလေးဟာ မင်းကို စောင့်မျှော်နေတတ်တယ် ၊ ဒါပေမယ့် ဒီနေ့ မြေးလေး ကံကောင်းချင်တော့ အဘညိုရဲ့တဲမှာ မြေးလေးကို ပုံပြောပြနေတာ ကွ၊ မြေးလေးဟာ အဘညိုရဲ့ပုံကို နားထောင်လို့မဝတာနဲ့ တဲအိမ်ကလေးကို မပြန်ဖြစ်ဘူး၊ ဒါနဲ့နေပါဦး၊ မင်းရဲ့တဲလေးမှာ လူသူတစ်ယောက်မှမရှိဘဲ ဘာဖြစ်လို့ မီးလောင်ရတာ လဲ ”

ဟု နားမလည်ဟန်ဖြင့် ရေရွတ်လေ၏ ။

ထိုအခိုက်မှာ အနီးသို့ တဲအိမ်စုမှ လူများရောက်ရှိလာပြီး မီးဟုန်းဟုန်းတောက်လောင်နေသော အိမ်ကလေးကို ဝိုင်းဝန်းကြည့်ရှုကြလေ၏ ။

အတန်ကြာသောအခါ လောင်စာပစ္စည်းမရှိတော့သဖြင့် တဲအိမ်ကလေး မီးငြိမ်းသွားလေ၏ ။

ထိုအခါမှပင် တဲအိမ်စုမှလူများသည် တဲအိမ်လေး၏ တစ်ပတ်လည်တွင် လှည့်လည်ကြည့်ရှုရင်း အံ့ဩဖွယ်ကောင်းသော အရာတစ်ခုကို မြင်တွေ့ရ၏ ။

ထိုအရာမှာ ဓါတ်ဆီပုံးတစ်ပုံးဖြစ်၏ ။ သံပုံးထဲတွင် ဓါတ်ဆီအချို့ ကျန်ရှိနေလေ၏ ။

အဘညိုက သံပုံးကိုကြည့်၍

“ သံပုံးထဲမှာ ဓါတ်ဆီတွေပါလား၊ မီးလောင်နေတဲ့ တဲလေးနံဘေးမှာ ဘယ်ကဓါတ်ဆီပုံးရောက်နေတာလဲ၊ ဒါဟာ မသင်္ကာစရာပဲ၊ အဘအထင်တော့ ဒီမီးဟာ ရှို့မီးပဲဖြစ်လိမ့်မယ်၊ လူလေးမင်း မှာ ရန်ငြိုးရန်စတွေ ရှိနေပြီနဲ့တူတယ် ”

ဟု ပြောလေ၏ ။

အဘညို၏ စကားကြောင့် အလွန်ထိတ်လန့်သွားပြီး

" ဗျာ... ဒီမီးဟာ ရှို့မီးဖြစ်လိမ့်မယ် ဟုတ်လား၊ ကျုပ်ဟာ ကြည့်မြင်တိုင်ကမ်းနားမှာ ခြေသည်း လက်သည်းညှပ်တဲ့အလုပ်နဲ့ အသက်မွေးရတဲ့သူပါဗျာ၊ ကျုပ်မှာ ရန်သူလည်းမရှိပါဘူး၊ ဘယ်လိုရန် ငြိုးနဲ့ ကျုပ်ရဲ့အိမ်ကလေးကို ဓါတ်ဆီလောင်းပြီး မီးရှို့ချင်ရတာ လဲ "

ဟု နားမလည်ဟန်ဖြင့် ရေရွတ်လေ၏။

ဩဘာလို့မောင်နှမသည် ထိုညက အိပ်စက်စရာမရှိသဖြင့်အနီးရှိ ဘုန်းကြီးကျောင်း၌ သွား ရောက်အိပ်စက်ရလေ၏။

နောက်နေ့နံနက်သို့ရောက်သောအခါ ဘုန်းကြီးကျောင်းရှေ့၌ အနက်ရောင် အော်စတင်ကား တစ်စီး ထိုးရပ်လာပြီး ကားပေါ်မှဆင်းလာသော လူကြီးကို မြင်တွေ့ရ၏။

လူကြီးက ဩဘာ၏ ပခုံးကိုပုတ်လိုက်ပြီး

" လူလေး... မင်းအတွက် ငါ စိတ်မကောင်းဘူးကွာ၊ မင်းဟာ ငါ့အတွက်ကြောင့် အိမ်ခြေရာ ခြေမဲ့ဘဝကို ရောက်ရပြီ "

ဟု တီးတိုးပြောလိုက်လေ၏။ ထိုအခါ လူကြီးကို ဩဘာက နားမလည်ဟန်ဖြင့် ကြည့်၍

" ကျွန်တော့်ရဲ့တဲအိမ်ကလေး မီးရှို့ခံရတာ ဦးလေးကြောင့်လား "

ဟု မေးမြန်းလိုက်လေ၏။

ထိုအခါ လူကြီးက ခေါင်းညိတ်၍

" ဟုတ်တယ် လူလေး၊ မင်းရဲ့ဘဝဟာ ကမ်းနားမှာ ခြေသည်းလက်သည်းညှပ်နေတုန်းက ဘယ်လိုရန်ငြိုးရန်စမှ မရှိခဲ့ပါဘူး၊ အခုတော့ ငါနဲ့ပတ်သက်လိုက်ပြီးမှ မင်းဟာ သူတစ်ပါးရဲ့ ရန်ငြိုးဖွဲ့ တာကို ခံခဲ့ရပြီ၊ ငါ့ကြောင့်

အပြစ်မဲ့တဲ့ မင်းတို့မောင်နှမဟာ ရှေ့ဆက်ပြီး ဆင်းရဲဒုက္ခဘေးနဲ့ ကြုံတွေ့ရတော့မယ်၊ ဒီတော့ မင်းတို့ကို ဦးလေး ထောက်ပံ့ပေးမယ်၊ လောလောဆယ် မင်းတို့မောင်နှမမှာ နေစ ရာမရှိလို့ အိမ်ခြေရာမဲ့ဖြစ်သွားပြီ၊ ဦးလေးနောက်သာ လိုက်ခဲ့ပေတော့ ”

ဟု ပြောကာ ဆရာတော်ကြီးထံသို့ သွားရောက်၍ ကလေးနှစ်ယောက်အား မိမိက စောင့် ရှောက်မည်ဖြစ်ကြောင်း ပြောဆို၍ ဩဘာတို့မောင်နှမအား ခေါ်ဆောင်လာခဲ့လေ၏ ။

ထို့နောက် လူကြီးသည် သူ၏ အော်စတင်ကားလေးကို မင်္ဂလာဒုံဘက်သို့ ဦးတည်ပြီး မောင်းနှင် သွားလေ၏ ။

မင်္ဂလာဒုံဘက်ရှိ ခြံတစ်ခြံရှေ့သို့ရောက်သောအခါ ကားကိုချိုးဝင်လိုက်လေ၏ ။ ထိုအခါ ဩဘာ က ခြံကိုကြည့်၍ မျက်လုံးပြူးသွားပြီး

“ ဟင်… ဦးလေးက ကျုပ်တို့အဒေါ်နဲ့ ဘယ်လိုလုပ်သိနေတာလဲ ”

ဟု မေးမြန်းလေ၏ ။

ဩဘာ၏ စကားမဆုံးမီ ကားအနီးသို့ အမျိုးသမီးကြီးတစ်ယောက် ရောက်ရှိလာပြီး

“ ဟင်… ငါ့တူနဲ့ တူမ ဒေါ်ကြီးရဲ့ခြံကို ရောက်လာကြပြီ၊ ဒီနေ့ကစပြီး ဒေါ်ကြီးဆီမှာ စိတ်တိုင်း ကျ ပျော်ပျော်ကြီးနေပေတော့၊ လာ … လာ… အိမ်ထဲမှာ အေးအေးဆေးဆေး အနားယူကြ၊ ပြီးရင် မင်း တို့ကို ဒေါ်ကြီးကိုယ်တိုင် နေ့လယ်စာ ကောင်းကောင်းချက်ကျွေးရမယ် ”

ဟု ပြောလေရာ ဩဘာနှင့်ညီမလေးသည် တစ်ယောက်မျက်နှာ တစ်ယောက် မယုံနိုင်ဟန်ဖြင့် ကြည့်လိုက်လေ၏ ။

အဘယ်ကြောင့်ဆိုသော ထိုမိန်းမကြီးသည် ၎င်းတို့မိခင်၏

ညီမအရင်းဖြစ်ပြီး အလွန်စိတ်သ ဘောထားယုတ်မာကာ ဩဘာတို့မောင်နှမအား ကျွေးမွေးရမှာစိုးသဖြင့် အိမ်သို့အလာခံသူမဟုတ်ချေ။

ယခု ထိုမိန်းမကြီးသည် စိတ်ပြောင်းပြီး အလွန်သဘောထားကောင်းသော အမူအရာမျိုးရှိနေ လေ၏ ။

အဒေါ်ကြီးသည် ဩဘာတို့အား အိမ်၏ ဧည့်ခန်း၌ လက်ဖက်သုပ် ၊ ချင်းသုပ် စသော စား သောက်ဖွယ်ရာများနှင့် နေရာချပေးပြီး ထမင်းချက်ရန် မီးဖိုခန်း၌ အလုပ်ရှုပ်နေလေ၏ ။

ဩဘာက လူကြီးအား နားမလည်ဟန်ဖြင့်ကြည့်၍

“ ဦးလေး … ကျုပ်အဒေါ်ကို ဘယ်လိုသိတာလဲ၊ နောက်ပြီးတော့ အင်မတန် စိတ်သဘော ထားဆိုးတဲ့ ကျုပ်အဒေါ်ကြီးကို သဘောကောင်းတဲ့ အဒေါ်ကြီးဖြစ်အောင် ဘယ်လိုလုပ်လိုက်တာလဲ”

ဟု မေးမြန်းလေ၏ ။

ထိုအခါ လူကြီးက ရယ်မော၍

“ မင်းက ငါ့အတွက်ကြောင့် တစ်နေ့မှာ ဘေးအန္တရာယ်နဲ့တွေ့ကြုံရမယ်လို့ ငါယုံကြည်ခဲ့တယ်၊ ဒါကြောင့် မင်းနဲ့ပတ်သက်တဲ့နောက်ကြောင်းရာဇဝင်တွေကို ငါစုံစမ်းကြည့်တဲ့အခါ မင်းမှာ စိတ်သ ဘောထားယုတ်ညံ့တဲ့ အဒေါ်တစ်ယောက်ရှိတယ်ဆိုတာ သိခဲ့ရတယ်၊ မင်းတို့ မောင်နှမနှစ်ယောက် ဟာ လူမည် ကလေးသူငယ်ဘဝနဲ့ လောကမှာ စားဝတ်နေရေးအတွက် ရုန်းကန်နေရတယ်၊ မင်းတို့ အဒေါ်ကြီးဟာ မင်းတို့ကို ကူညီစောင့်ရှောက်သင့်တယ်လို့ ငါထင်တယ်၊ ဒါကြောင့် မင်းတို့အဒေါ်ကြီး ကို စိတ်သဘောထား ကောင်းမွန်အောင် ငါလုပ်လိုက်တာပဲ ”

ဟု ပြောလေ၏ ။

ထိုအခါ သြဘာက လူကြီးကိုကြည့်၍

" ဟုတ်ပါပြီ ၊ ဒီလောက် စိတ်သဘောထားဆိုးတဲ့အဒေါ်ကြီးကို စိတ်သဘောထားကောင်းမွန် အောင် ဦးလေး ဘယ်လိုလုပ်လိုက်တာလဲ "

ဟု မေးမြန်းလေ၏ ။

ထိုအခါ လူကြီးက

" လောကမှာ ငွေဟာ ဒုတိယဘုရားသခင်လို့ တင်စားခေါ်ဝေါ်ကြတယ်၊ မင်းတို့အဒေါ်ကြီးကို သဘောထားကောင်းအောင် ဒုတိယဘုရားသခင်ရဲ့အကူအညီနဲ့ ငါလုပ်လိုက်တာပါကွာ "

ဟု ပြောလေ၏ ။

ထိုအခါမှာပင် သြဘာသည် အဒေါ်ကြီးတစ်ယောက် သဘောထားကောင်းမွန်သွားခြင်းကို ရိပ် စားမိသွားလေ၏ ။ ထိုအခါ လူကြီးက

" ဒီအချိန်ကစပြီး မင်းတို့မောင်နှမနှစ်ယောက် အဒေါ်ကြီးဆီမှာပဲ အေးအေးချမ်းချမ်းနေပါကွာ၊ တကယ်တော့ မင်းတို့အဒေါ်ကြီးဟာ မင်းတို့အမေရဲ့ ညီမအရင်းဖြစ်တဲ့အတွက် မင်းတို့နဲ့သွေးသားမ ကင်းပါဘူး၊ မင်းတို့အဒေါ်ကြီး အမြဲတမ်း သဘောကောင်းနေဖို့ ငါကူညီပေးမှာပါ "

ဟု ပြောလေ၏ ။

ထိုအခါ သြဘာက လူကြီးကိုကြည့်၍

" ဦးလေးရဲ့ကျေးဇူး ကြီးလှပါပေတယ်ဗျာ၊ ဒါနဲ့နေပါဦး ၊ ဦးလေးမှာ ဘာဖြစ်လို့ အန္တရာယ်တွေ ပတ်လည်ဝိုင်းနေရတာ လဲ "

ဟု မေးမြန်းလေ၏ ။

ထိုအခါ လူကြီးက

” ငါ့မှာ အန္တရာယ်တွေဝိုင်းနေတဲ့အတွက် ငါ့ကို လူဆိုးတစ်ယောက်လို့တော့ မထင်စေချင်ဘူး၊ ငါ့တစ်သက်မှာ မကောင်းမှု ဒုစရိုက်အလုပ်ကို ဘယ်သောအခါမှမလုပ်ခဲ့ဘူး၊ ငါဟာ အရင်တုန်းက ပုလိပ်အရာရှိကြီးတစ်ယောက်ပေါ့ကွာ၊ ပုလိပ်အရာရှိဘဝနဲ့ မလွှဲမရှောင်သာပဲ ဥပဒေပြင်ပက လူဆိုးလူ သွမ်းတွေကို ဖမ်းဆီးခဲ့ရတယ်၊ ဒီလိုဖမ်းဆီးရင်းနဲ့ အင်မတန် ရန်ငြိုးရန်စကြီးပြီး ကြောက်ဖက်ဖွယ် ကောင်းတဲ့ ကျားမောင်ဆိုတဲ့ ဓါးပြကြီးတစ်ယောက်နဲ့ ရန်သူဖြစ်ပွားခဲ့ရတယ်၊ ဓါးပြခေါင်းဆောင် ကျားမောင်ဟာ ငါ့ကြောင့်သူထောင်ကျပြီး တစ်သက်တစ်ကျွန်းခံခဲ့ရတဲ့အတွက် ရန်ငြိုးဖွဲ့ခဲ့တယ်၊ နောက်ပြီးတော့ သူဟာ ကျွန်းကထွက်ပြေးပြီး ငါ့ကိုအမျိုးမျိုးဒုက္ခပေးနေခဲ့တာပဲ ”

ဟု ပြောလေ၏ ။

ဩဘာသည် လူကြီး၏ စကားကြောင့် အလွန်အံ့ဩသွားပြီး

“ ဟင်… ဒါဆိုရင် ဦးလေးက ဟိုးအရင်တုန်းက ပုလိပ်အရာရှိကြီးပေါ့၊ ဦးလေးကို ရန်ငြိုးရန်စ ဖွဲ့ပြီး ဒုက္ခပေးတဲ့လူက ကျွန်းပြန်လူဆိုးဓါးပြကြီးပေါ့၊ ဘာပဲဖြစ်ဖြစ် ဦးလေးဟာ ပုလိပ်အရာရှိကြီးပဲ၊ လူဆိုးဓါးပြကို ဖမ်းတာ အပြစ်မရှိပါဘူး ၊ ဒီလူကြီးဟာ ဘာဖြစ်လို့ မိုက်တွင်းနက်သထက်နက်ပြီးဦးလေး ကို ဒုက္ခပေးနေရတာ လဲ ”

ဟု ပြောလေရာ လူကြီးက အဝေးဆီသို့ ငေးကြည့်၍

“ ငါနဲ့ကျားမောင်ရဲ့ ရန်ငြိုးရန်စအကြောင်းကို ပြောရရင်တော့ အရှည်ကြီးပေါ့ကွာ၊ ဘာပဲဖြစ် ဖြစ် ငါ့ဘဝမှာ ကျားမောင်ကတော့ ဟိုး လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက မပြေနိုင်တဲ့ရန်ငြိုးတွေနဲ့ ရန်ငြိုးရန်စဖွဲ့ခဲ့တာပဲ၊ ဘာပဲဖြစ်ဖြစ် ငါက ဥပဒေ ဘောင်ထဲက အမှန်တရားအတိုင်း ဆောင်ရွက်ခဲ့တယ်၊ သူဟာ ငါ့အပေါ် ရန်ငြိုးဖွဲ့တာဟာ ရေးဘဝက ဝဋ်ကြွေးလို့ပဲ မှတ်ပါတယ်ကွာ၊ မင်းတို့မောင်နှမ အဒေါ်ကြီးအိမ်မှာ အေးအေးချမ်းချမ်း နေထိုင်နိုင်ပါပြီ၊ ကဲ…

ငါသွားတော့မယ်၊ နောက် အကူအညီလိုရင် တောင်းနိုင်တယ်၊ ငါကူညီနိုင်သမျှ မင်းကို ကူညီပေးမှာပါ ”

ဟု ပြောလေ၏၊

ထို့နောက် လူကြီးသည် ထိုင်ရာမှထ၍ အိမ်ပေါ်မှဆင်းရန်ပြင်လိုက်၏။

ထိုအခါ ဩဘာက လူကြီးကိုကြည့်၍

“ ဦးလေးကို ကျုပ် တစ်ခုတောင်းဆိုချင်တယ် ”

ဟု ပြောလိုက်၏။

ဩဘာ၏ စကားကြောင့် လူကြီးက မျက်မှောင်ကြုတ်၍ လှည့်ကြည့်လိုက်ပြီး

“ မင်း ဘာတောင်းဆိုချင်တာလဲ ”

ဟု မေးမြန်းလေ၏။

ထိုအခါ ဩဘာက

“ ဦးလေးနဲ့ ကျုပ် အတူတူလိုက်နေခွင့်ပေးပါ၊ ဦးလေးမှာ အန္တရာယ်တွေ ပတ်လည်ဝိုင်းနေ တယ်ဆိုရင် ကျုပ် စိတ်မချဘူး၊ ကျုပ်လည်း ဦးလေး နဲ့အတူတူ လိုက်နေပါရစေ၊ ကျုပ်ရဲ့ညီမလေးဟာ အဒေါ်ကြီးဆီမှာ နေခွင့်ရတယ်ဆိုရင် သူ့အတွက် ဘဂလုံခြုံမှုရှိသွားပြီ ”

ဟု ပြောလေ၏။ ဩဘာစကားကြောင့် လူကြီးက ပြုံးယောင်သမ်းသွားပြီး

“ လူလေး၊ မင်းဟာ အသက်ငယ်ပေမဲ့ အရည်အချင်းရှိတယ်လို့ ငါ့ရင်ထဲမှာ အမြဲတမ်းယုံ ကြည်တယ်၊ မင်း ငါနဲ့အတူလိုက်နေမယ်ဆိုရင် မင်းကို အမြဲဖိတ်ခေါ်နေပါတယ်ကွာ၊ ဒါပေမဲ့ ငါနဲ့အတူ လိုက်နေမယ်ဆိုရင် မင်းမှာ

အန္တရာယ်တွေ ရှိနေနိုင်တယ်နော် ”

ဟု ပြောလေ၏ ။

ထိုအခါ သြဘာက ခေါင်းခါယမ်းလိုက်ပြီး

“ ကျုပ် ဘယ်လိုအန္တရာယ်မျိုးကိုမှ မကြောက်ပါဘူး၊ ဦးလေးဟာ အမှန်တရားဘက်က ရပ် တည်နေတာပဲ၊ ဦးလေး ကျုပ်ဆီမှာ ခြေသည်းလက်သည်း ညှပ်တုန်းက ဦးလေးကို အန္တရာယ်ပြုမဲ့လူ တွေကို ကျုပ်ဝင်ပြီး အစွမ်းပြခဲ့တာပဲ ”

ဟု ပြောလေ၏ ။

ထိုအခါ လူကြီးက ခေါင်းညိတ်၍

“ ကောင်းပြီ လူလေး၊ မင်း ဦးလေးနောက် လိုက်ခဲ့ပေတော့၊ မင်းရဲ့ညီမလေးကို အဒေါ်ကြီးက ကောင်းကောင်းစောင့်ရှောက်မှာပါ ”

ဟု ပြောလိုက်လေတော့၏ ။

ဤသို့ဖြင့် သြဘာသည် လူကြီး၏ ဗဟန်းကြား တောရလမ်းထဲရှိ နေအိမ်ကြီးသို့ ပါသွားလေ၏ ။

သြဘာ၏ ညီမလေးမှာ အစ်ကိုနှင့် မခွဲချင်သော်လည်း အဒေါ်ဖြစ်သူ၏ ဖော်ရွေသော အမူအရာကြောင့် အိမ်ကြီး၌ ပျော်ရွှင်စွာကျန်ရစ်ခဲ့လေ၏ ။

××××××××××